## ခြုံငုံသုံးသပ်ခြင်း - လက်တွေ့ သင်ခန်းစာ ၃ - ဆက်သွယ်ရေး
## (Overview: Practicum 3 – Communications)

ဤလက်တွေ့သင်ခန်းစာတွင် Peter Harrington က အစိုးရ အဆင့်မြင့်တန်းတွင် ဆက်သွယ်ရေးတည်ဆောက်ပုံကို ဖော်ပြထားသည်။ Martin Mbugua ကမူ လူထုနှင့် မည်သို့ ဆက်သွယ်ရမည်ကို ပြောကြားထားသည်။

Peter Harrington သည် Infrastructure Development Partners အဖွဲ့တွင် အကြီးတန်း ဂန်ထမ်းဖြစ်ပြီး စီးပွားရေးနှင့် နိုင်ငံရေးဆန်းစစ်ချက်များ၊ ပါဂင်ပတ်သက်သူများအား စီမံခန့်ခွဲခြင်း၊ မူဝါဒရေးရာများ အထူးသဖြင့် ဈေးကွက်များအား အထူးပြုသည်။ IDP တွင် မထမ်းဆောင်ခင် သူသည် တိုနီဘလဲအာဖရိက အုပ်ချုပ်ရေး Tony Blair Africa Governance Initiative၏ လိုင်ဘေးရီးယား တိုင်းပြည်တွင် Deputy Country Head အဖြစ်ဆောင်ရွက်ခဲ့သည်။ လိုင်ဘေးရီးယားတွင် သမ္မတရုံးတွင် နှစ်နှစ်ခန့်အခြေစိုက်ပြီး မူဂါဒများနှင့် ဆက်သွယ်ရေးများကို အကြံပေးခဲ့သည်။ အစောပိုင်းကာလများတွင် သူသည် UK think tank Demos တွင် ဆက်သွယ်ရေး ဒါရိုက်တာအဖြစ်ဆောင်ရွက်ခဲ့သည်။

**Martin A. Mbugua သည် ပရင်စတန်တက္ကသိုလ်၏ မီဒီယာဆက်ဆံရေး ဒါရိုက်တာဖြစ်ပြီး တက္ကသိုလ်ပြောရေးဆိုခွင့်ရှိသူဖြစ်သည်။ ယခင်ကသူသည်** City University of New York ၏ မာဇီ အင်စတီကျုတွင် အလားတူ တာဂန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၄မှ ၂၀၁၀ အတွင်း University of Delaware တွင် အကြီးတန်း သတင်းအယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့ပြီး မီဒီယာ ပြောရေးဆိုခွင့်ရှိသူနှင့် သတင်း စီမံခန့်ခွဲရေး အဖွဲ့ဂင်ဖြစ်ခဲ့သည်။ သူသည် New York Daily News တွင် ယခင်က ရေးသားခဲ့ပြီး သူ၏ အဖွဲ့သည် စက်တင်ဘာ ၁၁ ၂၀၀၁ အကြမ်းဖက်တိုက်ခိုက်မှုအတွက် အစီရင်ခံရေးသားခြင်းကို အသိအမှတ်ပြုပေးသည့် ပူလီဇာ ဆုရ သတင်းအဖွဲ့ဂင်လည်းဖြစ်ခဲ့သည်။